မြို့နယ်စည်ပင်သာယာရေးအဖွဲ့
သနပ်ပင်မြို့
အရပ်ရပ်အခွင့်အရေးလိုင်စင်
အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချမည့်နေ့ရက်
ကြော်ငြာစာအမှတ် (၁၀ / ၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်

၁။ ၂၀၂၅ - ၂၀၂၆ ခု ဘဏ္ဍာရေးနှစ်အတွက် သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ပူးတွဲဇယားပါအခွင့်အရေးလိုင်စင်များအား အောက်ပါအစီအစဉ်အတိုင်း သက်တမ်းတိုးစနစ် / သားသတ်လိုင်စင်များနှင့် ပတ်သက်၍ သီးခြားညွှန်ကြားချက်ထုတ်ပြန်ပြီးမှ ညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ခြင်းစနစ် / ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သူ မည်သူမဆို ဆွဲဝယ်နိုင်ကြောင်း ကြေငြာအပ်ပါသည် -

## အရပ်ရပ်အခွင့်အရေးလိုင်စင်လေလံတင်ရောင်းချမည့်အစီအစဉ်

| စဉ် | ရောင်းချမည့်နေ့ရက် | မှတ်ချက် |
|---|---|---|
| ၁ | ၁၄ - ၁ - ၂၀၂၅ | (ပထမ)အကြိမ်လေလံ |
| ၂ | ၂၁ - ၁ - ၂၀၂၅ | (ဒုတိယ) အကြိမ်လေလံ |
| ၃ | ၂၈ - ၁ - ၂၀၂၅ | (တတိယ) အကြိမ်လေလံ |
| ၄ | ၄ - ၂ - ၂၀၂၅ | ချိတ်ပိတ်တင်ဒါ |
| ၅ | ၁၁ - ၂ - ၂၀၂၅ | အခြားနည်းရောင်းချခြင်း |

၂။ လိုင်စင်ဆွဲဝယ်လိုသူများသည် ဤအဖွဲ့ရုံးမှ ရောင်းချမည့်အခွင့်အရေးလိုင်စင်များအတွက် လျှောက်လွှာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လျှောက်လွှာတစ်စောင်လျှင် ကျပ် (၁၅၀၀၀/-) တိတိဖြင့် ဝယ်ယူ၍ လျှောက်လွှာတင်သွင်းရမည်။

၃။ လိုင်စင်လျှောက်လွှာများအားအရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချရန် ကြော်ငြာသည့်နေ့မှစ၍ ရုံးဖွင့်ရက်ရုံးချိန်အတွင်းလာရောက်တင်သွင်းနိုင်ပြီး (၁၃ - ၁ -၂၀၂၅ ) ရက်နေ့ ( ၁၆ : ၀၀ ) နာရီ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းနိုင်သည်။ ( သတ်မှတ်ရက်နှင့်အချိန်ထက် နောက်ကျသော လျှောက်လွှာများအား လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ကြောင်းဖော်ပြအပ်ပါသည်။ )

၄။ ပထမအကြိမ် လိုင်စင်ဆွဲဝယ်လုပ်ကိုင်လိုသူများသည် လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာများအားသတ်မှတ်ထားသည့်လျှောက်လွှာပိတ်ရက် (၁၃ - ၁ - ၂၀၂၅ ) တွင် ရုံးချိန်အတွင်း နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်။ လိုင်စင်လုပ်ငန်းအလိုက်ကျသင့်သောကြမ်းခင်းဈေး၏ (၅၀%) ဖြစ်သည့် အာမခံငွေကို မြန်မာ့စီးပွားရေးဘဏ် သနပ်ပင်မြို့ရှိ ဘဏ်ငွေသွင်းချလံနှင့် အဖွဲ့၏ရန်ပုံငွေ ယာယီစာရင်းရှင်(POP)သို့ပေးသွင်းထားရမည်။ ဘဏ်သို့ပေးသွင်းထားသည့် ငွေသွင်းချလံအားလျှောက်လွှာတင်သွင်းသည်နှင်တစ်ပြိုင်တည်းပူးတွဲတင်ပြရမည်။လေလံမရရှိပါကပေးသွင်းထားသောလေလံအာမခံငွေအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအညီစိစစ်၍လေလံပြီးဆုံးပြီး ( ၁၀ )ရက်ကြာမှ ပြန်လည်ထုတ်ပေးမည်။

၅။ လိုင်စင်ဆွဲဝယ်သူများသည် လျှောက်လွှာတွင် မိမိတို့ဆွဲဝယ်လုပ်ကိုင်လိုသော လိုင်စင်အား မှန်ကန်စွာရေးသားဖော်ပြ၍ ပူးတွဲပါရှိရမည့် သတ်မှတ်ထားသော အချက်အလက် အထောက်အထားများ ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ၊ အခွန်အခများ ကင်းရှင်းကြောင်းထောက်ခံချက်၊ (လဝက) အိမ်ထောင်စု လူဦးရေစာရင်းပုံစံ ( ၆၆ / ၆ ) ၊ မြို့နယ် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ၊ စားပွဲတင် ပေးသွင်းထားသည့်ထောက်အထား ၊ သက်ဆိုင်ရာရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် ၊ ငွေကြေးလုံခြုံမှုအတွက် မရွှေ့မပြောင်းနိုင်သောပစ္စည်း ၊ ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) ၊ မြေဂရမ် ( မူရင်း) ( သို့မဟုတ် ) ငွေစုစာအုပ် / ငွေလက်မှတ်( မူရင်း) များအားပူးတွဲတင်ပြရမည်။

၆။ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ၊ အဆောက်အအုံများ ၊ ပိုင်ဆိုင်မှုတင်ပြပါက နေအိမ်ပိုင်ဆိုင်မှုအတွက်စာချုပ်စာတမ်း ၊ မှတ်ပုံတင်ရုံးတွင် ရေစစ္စတီပြုလုပ်ထားသောစာချုပ်(မူရင်း) နေအိမ်အဆောက်အဦး၏ လေးဘက်မြင်ဓါတ်ပုံ (၄)ပုံ ၊ မြေဂရမ်အမည်ပေါက် ( မူရင်း ) တို့ကို ပူးတွဲတင်ပြရမည့် အပြင်နေအိမ် အဆောက်အဦးပိုင်ဆိုင်မှုအတွက် သက်ဆိုင်ရာကျေးရွာ / ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၇။ အိမ်ခြံမြေများနှင့်ပတ်သက်၍ အဖွဲ့မှတရားဝင်ရုံးအမိန့်ဖြင့် ဖွဲ့စည်းပေးထားသော ကာလတန်ဘိုးစိစစ်သတ်မှတ်ရေး ရာဖြတ်အဖွဲ့မှ စိစစ်အကဲဖြတ်သတ်မှတ်သည့် တန်ဘိုးသတ်မှတ်ချက်အထောက်အထားပူးတွဲတင်ပြရမည်။

၈။ ပဲခူးတိုင်းဒေသကြီးပြင်ပမှ ဆွဲဝယ်လုပ်ကိုင်သူနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်ကျော်ဆွဲဝယ်လုပ်ကိုင်လိုသူဖြစ်ပါကသက်ဆိုင်ရာဒေသရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှမရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်ပတ်သက်၍ပိုင်ဆိုင်ကြောင်းနှင့်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအကဲဖြတ်အဖွဲ့၏ကာလတန်ဖိုးစိစစ်သတ်မှတ်ထောက်ခံချက်အထောက်အထားမူရင်းပါရှိရမည်။

၉။ အခွင့်အရေးလိုင်စင်ဆွဲဝယ်သူများသည် လေလံစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါကအမှုဆောင်အရာရှိထံသို့ဖုန်းဖြင့်ဖြစ်စေ၊အဖွဲ့ရုံးသို့ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်၍ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

အမှုဆောင်အရာရှိ

( အောင်သူရ - ဦးစီးအရာရှိ )

စာအမှတ်၊ ၁၈၇၅ / ဃ - ၂ / သနပ (၀၀၁)
ရက်စွဲ ၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ( ၁၉ ) ရက်
ဖြန့်ဝေခြင်း

လက်ရှိလိုင်စင်စီအားလုံး

----------------------------------ဌာန ၊ သနပ်ပင်မြို့ထံ သိသာပါရန်နှင့် လူကြီးမင်း၏ ကြော်ငြာသင်ပုန်းတွင် ထပ်ဆင့် ကြော်ငြာပေးပါရန် ပေးပို့အပ်ပါသည်။

မိတ္တူကို

- ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့။
- ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပဲခူးမြို့။
- ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၊သနပ်ပင်မြို့။
- မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊သနပ်ပင်မြို့။
- ရပ်ကွက်အုပ်ချုပ်ရေးမှူး၊---------------------------ရပ်ကွက်၊သနပ်ပင်မြို့။
- အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့--------------------မြို့။
  (ထပ်ဆင့်ကြော်ငြာပေးပါရန်၊ကြော်ငြာစာမိတ္တူတစ်စောင်ပေးပို့အပ်ပါသည်။)
- လက်ခံ။
- မျှော။

သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၅ - ၂၀၂၆ ခုနှစ် အတွက် ဈေးပြိုင်စနစ်ဖြင့်
လေလံတင်ရောင်းချမည့်အခွင့်အရေးလိုင်စင်များ

| စဉ် | ရောင်းချမည့်လုပ်ငန်းလိုင်စင်များ | ကြမ်းခင်းဈေး | တင်သွင်းရမည့် စားပွဲတင်ငွေကျပ် |
|---|---|---|---|
| | ဈေးကောက်လိုင်စင်များ | | |
| ၁ | မြို့မဈေးပုံကျဈေးကောက်လိုင်စင် | ၅၇၀၀၀၀၀ | ၂၈၅၀၀၀၀ |
| ၂ | မင်းရွာပုံကျဈေးကောက်လိုင်စင် | ၃၆၀၀၀၀၀ | ၁၈၀၀၀၀၀ |
| | | | |
| | မြို့နယ်ဝင်ကြေးဘီးကောက် | | |
| ၁ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၂၅၄၀၀၀၀၀ | ၁၇၂၀၀၀၀၀ |
| | | | |
| | ကူးတို့/ ဆိပ်ကမ်းကောက်လိုင်စင် | | |
| ၁ | အလပ်ဆည်တာဝကူးတို့လိုင်စင် | ၇၀၀၀၀၀ | ၃၅၀၀၀၀ |
| ၂ | သနပ်ပင်ဆိပ်ကမ်းကောက် | ၄၀၀၀၀၀ | ၂၀၀၀၀၀ |
| | | | |
| | အခြားလိုင်စင်များ | | |
| ၁ | သနပ်ပင်ဈေးကြီးစက်ဘီးအပ်လိုင်စင် | ၄၅၀၀၀၀၀ | ၂၂၅၀၀၀၀ |
| ၂ | သနပ်ပင်ဈေးရေလောင်းအိမ်သာ | ၉၄၆၀၀၀၀ | ၄၇၃၀၀၀၀ |
| ၃ | ကျွဲနွားပွဲဈေးလိုင်စင် | ၂၄၀၀၀၀၀ | ၁၂၀၀၀၀၀ |

အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
သနပ်ပင်မြို့

## သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ၂၀၂၅ - ၂၀၂၆ ခုနှစ်အတွက် သက်တမ်းတိုးစနစ်ဖြင့်
## လေလံတင်ရောင်းချမည့်အခွင့်အရေးလိုင်စင်များ

| စဉ် | ရောင်းချမည့်လုပ်ငန်းလိုင်စင်များ | ကြမ်းခင်းဈေး | တင်သွင်းရမည့် စားပွဲတင်ငွေကျပ် |
|---|---|---|---|
| | အပေါင်ဆိုင်လိုင်စင်များ | | |
| ၁ | မြို့မအပေါင်ဆိုင်-၁ | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ |
| ၂ | ရစ်ကံလေးအပေါင်ဆိုင် | ၉၅၀၀၀၀ | ၄၇၅၀၀၀ |
| ၃ | ကမာစုအပေါင်ဆိုင်-၂ | ၉၅၀၀၀၀ | ၄၇၅၀၀၀ |
| ၄ | မင်းရွာအပေါင်ဆိုင်-၁ | ၇၂၀၀၀၀ | ၃၆၀၀၀၀ |
| ၅ | မင်းရွာအပေါင်ဆိုင်-၂ | ၆၁၀၀၀၀ | ၃၀၅၀၀၀ |
| ၆ | မင်းရွာအပေါင်ဆိုင်-၃ | ၆၄၀၀၀၀ | ၃၂၀၀၀၀ |
| ၇ | မင်းရွာအပေါင်ဆိုင်-၄ | ၆၀၀၀၀၀ | ၃၀၀၀၀၀ |
| ၈ | ကလိုင်အပေါင်ဆိုင် | ၁၀၂၅၀၀၀ | ၅၁၂၅၀၀ |
| ၉ | ရေကျော်အပေါင်ဆိုင် | ၈၅၀၀၀၀ | ၄၂၅၀၀၀ |
| ၁၀ | ခရမ်းညောင်ပင်အပေါင်ဆိုင် | ၆၀၀၀၀၀ | ၃၀၀၀၀၀ |
| ၁၁ | စွန်ပီအပေါင်ဆိုင် | ၃၅၀၀၀၀ | ၁၇၅၀၀၀ |
| ၁၂ | ကျွန်းသာယာအပေါင်ဆိုင် | ၃၀၀၀၀၀ | ၁၅၀၀၀၀ |
| ၁၃ | ရွာသစ်လေးအပေါင်ဆိုင် | ၆၀၀၀၀၀ | ၃၀၀၀၀၀ |
| ၁၄ | တာဝရေတံခါးအပေါင်ဆိုင် | ၃၀၀၀၀၀ | ၁၅၀၀၀၀ |
| ၁၅ | မကြက်စုအပေါင်ဆိုင်-၂ | ၇၈၅၀၀၀ | ၃၉၂၅၀၀ |
| ၁၆ | ဥဏ်ကျွန်းအပေါင်ဆိုင် | ၆၀၀၀၀၀ | ၃၀၀၀၀၀ |
| ၁၇ | စက်ကုန်းပိုင်းအပေါင်ဆိုင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ |
| ၁၈ | ဘူတာပိုင်းအပေါင်ဆိုင် | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ |
| ၁၉ | မြို့မအပေါင်ဆိုင်-၃ | ၁၀၀၀၀၀၀ | ၅၀၀၀၀၀ |
| ၂၀ | ခရမ်းစံပြကျေးရွာအပေါင်ဆိုင် | ၆၀၀၀၀၀ | ၃၀၀၀၀၀ |

အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
သနပ်ပင်မြို့